# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၆၁ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၀–၆–၂၀၁၅ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးပိုက်လင်း၊ ပလက်ဝ မဲဆန္ဒနယ်၏ **ကျောက်တော်–ပလက်ဝ လမ်းနှင့် မတူပီ–ပလက်ဝလမ်းပေါ်ဆက်စပ်မည့် ကုလားတန်မြစ်ကူးတံတား (ပလက်ဝ) ရေလမ်းအရှည် ၁၁၀၀ ပေနှင့် ချဉ်းကပ်လမ်း ပေ ၈၀၀ စုစုပေါင်း ၁၉၀၀ ပေ ရှိမည့် သံကူကွန်ကရစ် သံပေါင် ကြိုးတံတား တည်ဆောက်ပေးစေလိုပါသဖြင့် လာမည့်ဘတ်ဂျက်နှစ် သို့မဟုတ် မည်သည့်ခုနှစ်တွင် တည်ဆောက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းဒေသရှိ သမိုင်းဝင် ကြက်ထောင် ကန်တော်ကြီးကို အချိန်မီ ပြုပြင်ထိန်းသိမ်းမှု လုပ်ဆောင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်စန္ဒာမင်း၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၏ **နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ ကျေးရွာများကို ရပ်ကွက်အဖြစ် သိမ်းယူခဲ့ရာ ကျေးရွာများ ပြောင်းရွှေ့ချိန်နှင့် ရပ်ကွက်အဖြစ် သတ်မှတ်ချိန်တွင် ဒေသခံတောင်သူများ၏ အိမ်ဝိုင်းမြေကွက်များအား အစားထိုး ပြန်လည် ပေးအပ်ခဲ့ခြင်း ရှိပါသလားနှင့် အိုးခွဲ၊ အိမ်ခွဲ၊ အိမ်ထောင်စုခွဲ မဟုတ်သူအချို့မှာ ပေ ၁၀၀ ပတ်လည်မြေကွက်များ အဘယ်ကြောင့် ရရှိခဲ့ပါသနည်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိန်းအောင်၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်း ကျေးရွာ အ.ထ.က(ခွဲ)တွင် နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့ပေါ်တွင် ဝိဇ္ဇာသိပ္ပံ ကောလိပ် တစ်ခုကို ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဗိုလ်မှူးအောင်သွင်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၏ **နတ်မောက် မြို့နယ်၊ အင်းကန်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) အား ၂၀၁၅–၂၀၁၆ ပညာရေးနှစ်မှစ၍ အခြေခံပညာ အထက်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထဲရေးဝန်ကြီးဌာနက **"မြန်မာနိုင်ငံ ယစ်မျိုး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"မြန်မာနိုင်ငံ ယစ်မျိုး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် **"မြန်မာနိုင်ငံ ယစ်မျိုး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၆၂ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။